ရွှေတောင်စုကျေးရွာ

အင်ပူမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း(၂၀၂၂-၂၀၂၆)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

ရွှေတောင်စုကျေးရွာ၊မကျီးကုန်းကျေးရွာအုပ်စု၊အင်ပူမြို့နယ်

(သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

## ၂၀၂၂ ခုနှစ်   နိုဝင်ဘာလ

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | စကားချီး | ၁ |
| | ရွှေတောင်စုကျေးရွာ အရင်းအမြစ်ပြမြေပုံ | ၃ |
| | ရွှေတောင်စုကျေးရွာ ရာသီခွင်ပြမြေပုံ | ၃ |
| **အပိုင်း(က)ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် အစီအစဉ်** | | |
| (၁) | နိဒါန်း–ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု | ၄ |
| | ( က ) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက် | |
| | ( ခ ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု | |
| (၂) | ကျေးရွာ၏ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ | ၆ |
| | ( က ) တည်နေရာ၊ပထဝီအနေအထား | |
| | ( ခ ) ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ | |
| (၃) | ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ | ၆ |
| | ( က ) လူဦးရေဆိုင်ရာ အချက်အလက်များ | |
| | ( ခ ) စီးပွားရေးအခြေအနေ–ဝင်ငွေ၊ပိုင်ဆိုင်မှုနှင့် မမျှတမှု | |
| | ( ဂ ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု | |
| | ( ဃ ) ပညာရေးနှင့်ကျွမ်းကျင်မှုများ | |
| | ( င ) ကျန်းမာရေးနှင့် အာဟာရ | |
| | ( စ ) ကျား–မ ဆိုင်ရာဆက်နွယ်မှု | |
| (၄) | ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ | ၉ |
| | ( က ) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ် | |
| | ( ခ ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ | |
| | ( ဂ ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ | |
| | ( ဃ ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာ စီမံခန့်ခွဲမှု | |
| | ( င ) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု | |
| | ( စ ) ပညာရေး၊ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး | |
| | ( ဆ ) လူငယ်နှင့် ယဉ်ကျေးမှု | |

( ဇ ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု-လမ်းတံတား၊လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး

( ဈ ) တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၂

( က ) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

( ခ ) အဟန့်အတားနှင့်စိန်ခေါ်မှုများ

(၆) ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့်ဗျူဟာ ၁၃

( က ) ဖွံ့ဖြိုးရေးပန်းတိုင်

( ခ ) အကောင်အထည်ဖော်ရေးနည်းဗျူဟာ

(၇) ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မြို့နယ်အဆင့်နှင့် အထက်အဆင့်မှ ကူညီဖြေရှင်းပေးရမည့် ကိစ္စများ ၁၄

( က ) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့်ပုံမှန်စစ်ဆေးခြင်း

( ခ ) စိုက်ပျိုးမြေများထိရောက်စွာအသုံးချနိုင်ရေး

( ဂ ) အသက်မွေးဝမ်းကျောင်းဆိုင်ရာ လုပ်ငန်းများဖန်းတီးပေးခြင်း

(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့်အချိန်ကာလ ၁၅

( က ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်

( ခ ) ကဏ္ဍနှင့် ရင်းနှီးမြုပ်နှံမှုကို အခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း

( ဂ ) ဦးစားပေး စီမံချက်များ

( ဃ ) အကောင်အထည်ဖော်မည့် အချိန်ကာလ

(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၀

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ ၂၁

( က ) ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏ အခန်းကဏ္ဍ

( ခ ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ

( ဂ ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

( ဃ ) ကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့်ပြုပြင်ထိန်းသိမ်းရန် အတွက်အဖွဲ့အစည်းဆိုင်ရာနှင့်ငွေကြေးဆိုင်ရာ အစီအစဉ်များ

(၁၁) စီမံကိန်းအားစဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၂၃

( က ) ကြီးကြပ်စစ်ဆေးခြင်း

( ခ ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဆောင်ရွက်ပြီးစီးမှုအကဲဖြတ်ခြင်း

( ဂ ) နည်းပညာဆိုင်ရာ အကူအညီ

**နောက်ဆက်တွဲ(၁)**

**ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ**

( က ) ကျေးရွာတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ

( ခ ) အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

**(၁) လူမှုစီးပွားရေးအခြေအနေ**

ဇယား ၁ လူဦးရေနှင့်လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား ၂ လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား ၃ လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

ဇယား ၄ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား ၅ ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား ၆ ဥစ္စာဓနအဆင့်အခြေအနေ

ဇယား ၇ ကျေးရွာ၏ဝမ်းစာဖူလုံမှုအခြေအနေ

ဇယား ၈ ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား ၉ ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်အုပ်စု

**(၂) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ**

ဇယား ၁၁ ကျေးရွာအတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား ၁၃ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

ဇယား ၁၄ ကျေးရွာ၏ရေရင်းမြစ်နှင့်ရေသွင်းဧရိယာ

ဇယား ၁၅ အဓိကသီးနှံများနှင့်အထွက်နှုန်း

ဇယား ၁၆ ကျေးရွာ၏စိုက်ပျိုးရေးသုံးကိရိယာများပိုင်ဆိုင်မှု

ဇယား ၁၇ သီးနှံထုတ်လုပ်မှုတိုးစေရန်အတွက်အခွင့်အလမ်းများ

ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ

ဇယား ၁၉ မွေးမြူရေးနှင့်ငါးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေ

ဇယား ၂၀ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက်အခွင့်အလမ်းများ

ဇယား ၂၁ မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ

ဇယား ၂၂ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ

ဇယား ၂၃ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီပွားရေးလုပ်ငန်းများအတွက်အခွင့်အလမ်း၊ ပြဿနာနှင့်အခက်အခဲများ

ဇယား ၂၄ ရွှေ့ပြောင်းသွာလာမှု ဖြစ်ပေါ်လာပုံ၊ပုံစံနှင့်အချိန်ကာလ

ဇယား ၂၅ ရွှေ့ပြောင်းသွားလာရခြင်း၏အဓိကအကြောင်းရင်း

ဇယား ၂၆ ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ

ဇယား ၂၇ ကုန်စည်နှင့်ဝန်ဆောင်မှု၊ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

ဇယား ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့်ဘဏ်လုပ်ငန်း

ဇယား ၂၉ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ

ဇယား ၃၀ မူလတန်း၊အလယ်တန်း၊အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း

ဇယား ၃၁ ကျောင်းတက်နှုန်း

ဇယား ၃၂ စာသင်ကျောင်းဆောင်အခြေအနေ

ဇယား ၃၃ ပညာရေး အခက်အခဲနှင့်ပြဿနာများ

ဇယား ၃၄ အဖြစ်များသော ရောဂါများ

ဇယား ၃၅ လွန်ခဲ့သော၁၂လအတွင်း ကာကွယ်ဆေး ထိုးနှံမှု

ဇယား ၃၆ ကျန်းမာရေးအထောက်အပံ့နှင့်ဝန်ဆောင်မှုများ

ဇယား ၃၇ သောက်သုံးရေရရှိနိုင်မှု

ဇယား ၃၈ သန့်ရှင်းရေးအခြေအနေ(အိမ်သာအမျိုးအစား)

ဇယား ၃၉ ကျား-မရေးရာကိစ္စရပ်ဆိုင်ရာ

ဇယား ၄၀ ကျေးရွာ၏လမ်းတည်ရှိမှုအခြေအနေ

ဇယား ၄၁ ကျေးရွာ၏တံတားတည်ရှိမှုအခြေအနေ

ဇယား ၄၂ ရေကြောင်းသယ်ယူပို့ဆောင်ရေး

ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ

ဇယား ၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ

ဇယား ၄၅ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာ အခြေအနေ

ဇယား ၄၆ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး အခြေအနေ

ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ဝန်ဆောင်မှုအထောက်အကူများအား လက်လှမ်းမီမှု

ဇယား ၄၈ မှုခင်းဖြစ်ပွားမှု အခြေအနေ

**နောက်ဆက်တွဲ(၂)ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ**

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

**နောက်ဆက်တွဲ(၃)ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား**

ကိုးကားစာရင်း

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၂၂/၂၀၂၃ ဘဏ္ဍာရေးနှစ်မှ ၂၀၂၅/၂၀၂၆ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူအများ ပါဝင်ရေးဆွဲထားသော ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ကနဦးအနေဖြင့် စီမံချက် ဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီး ဌာန၊ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့်အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့်သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများစနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေး ညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက် ပေးပါသည်။ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း၊အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာ သေချာပါသည်။ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ် များကို မူဘောင် အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးတို့၏ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့်အကဲဖြတ်ရန်

အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အပိုင်း(၂)ပိုင်း ပါရှိပါသည်။အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်း အစီအစဉ်တို့ ပါဝင်ပါသည်။အကောင်အထည်ဖော်မည့် ဗျူဟာ၊ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာ ရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာအချက်အလက်၊ အကြောင်းအရာများ ဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏အသေးစိတ် အချက်အလက်များ ပါဝင်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
ရွှေတောင်စုကျေးရွာ
အင်္ဂပူမြို့နယ်

ရက်စွဲ၊၂၀၂၂ ခုနှစ်                    လ        ရက်

ရွှေတောင်စုကျေးရွာ အရင်းအမြစ်ပြမြေပုံ




ရွှေတောင်စုကျေးရွာ ရာသီခွင်ပြမြေပုံ



## အပိုင်း(က)

## ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းအစီအစဉ်

### ၁ နိဒါန်း

### ၁.၁ ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းသည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်မည့် အစီအစဉ်သစ် ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ယခင်က လူထုဗဟိုပြုစီမံကိန်းနှင့်ပတ်သက်၍ ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေး အတွေ့အကြုံ တစ်ကြိမ်ရှိခဲ့သော်လည်း ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကိုအလေးထားမိ လာကြပါသည်။ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း ၊သတင်းအချက်အလက်များ ရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရန် လိုအပ်သော နည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ကြုံတွေ့နေရသော ပြဿနာများ၊ထိုပြဿနာများဖြစ်ရသည့် အရင်းခံအချက်များ၊ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသော အချက်များနှင့်အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့်ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ပုဂ္ဂလိကကဏ္ဍ၊ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့်ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့်ပါသည်။

## နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့် အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ပြည်နယ်နှင့် တိုင်းအဆင့်၊ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည်ဖြစ်ပါသည်။

အစိုးရမဟုတ်သော အဖွဲ့အစည်းများ(NGOs)၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ်လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့်တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ကျေးရွာနှင့်ကျေးလက်လူထု၏တိကျသော လိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ကျေးရွာနှင့်ဆိုင်သော၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်းများအနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊နိုင်ငံတကာငွေကြေးဆိုင်ရာအဖွဲ့အစည်းများ(ကမ္ဘာ့ဘဏ်၊အာရှဖွံ့ဖြိုးရေးဘဏ်)၊နိုင်ငံတကာ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှုပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများ ပြုလာနိုင်ပါမည်။

### ၁.၂ စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင်တတ်နိုင်သော ငွေကြေး၊အစိုးရနှင့်အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာ ရောက်ပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ငွေကြေးအခက်အခဲ၊နည်းပညာအခက်အခဲများရှိနေပါသည်။သို့ဖြစ်၍ လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ဦးစားပေးရွေးချယ် ဆောင်ရွက်ပါမည်။ကျွန်ုပ်တို့၏စွမ်းရည်နှင့်လိုအပ်သောအရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်းတိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

## ၂။ ပထဝီအနေအထားနှင့်သဘာဝသယံဇာတ အရင်းမြစ်များ

### ( က ) တည်နေရာနှင့်ပထဝီ အနေအထား

ရွှေတောင်စုကျေးရွာသည် ဧရာဝတီတိုင်းဒေသကြီး၊ အင်္ဂပူမြို့နယ်၊ မကျီးကုန်းကျေးရွာအုပ်စု၊ ရွှေတောင်စုကျေးရွာဖြစ်ပါသည်။ အင်္ဂပူမြို့နယ်၏ အရှေ့တောင်ဘက်တွင် တည်ရှိပါသည်။ကျေးရွာ၏အဓိက အသက်မွေးဝမ်းကျောင်းလုပ်ငန်းများမှာ စိုက်ပျိုးရေးလုပ်ငန်း ဖြစ်ပါသည်။ လယ်ယာမြေများသည် စပါးနှင့်ပဲစိုက်ပျိုးရန်အတွက် အဓိကအားထားရာဖြစ်ပါ သည်။

### ( ခ ) ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ

ကျေးရွာသည်နှစ်စဉ်မိုးရေချိန်လက်မ(၆၀)ခန့်ရရှိပြီး၊သဘာဝပေါက်ပင်များမှာကုက္ကို ၊ ဝါး၊ သရက်စသည့် သဘာဝပေါက်ပင်များ အလေ့ကျပေါက်ရောက်ရာ ဒေသလည်းဖြစ်ပါသည်။ မိုးစပါးသီးနှံ စိုက်ပျိုးနိုင်သော လယ်(၂၁၀.၃၅)ကေရှိပြီး၊ ၎င်းလယ်မြေများပေါ်တွင် မတ်ပဲ၊ သီးထပ်စိုက်ပျိုးသည့် ကေမှာ(၂၁၀.၃၅)ကေရှိပါသည်။

## ၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ

### ( က ) လူဦးရေးဆိုင်ရာအချက်အလက်များ

ရွှေတောင်စုကျေးရွာတွင် အိမ်ထောင်စုပေါင်း(၁၀၇)စုနှင့် ကျား(၁၇၃)၊ မ(၁၈၁)ဦးဖြင့် လူဦးရေ စုစုပေါင်း(၃၅၄)ဦးရှိကာ တစ်အိမ်ထောင်လျှင် ပျှမ်းမျှ(၃)ဦးနှုန်းရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင်လျှင် ပျှမ်းမျှနှုန်း(၅)ဦးနှုန်းထက် လျော့နည်းသည်။ ကျေးရွာတွင် ဗမာလူမျိုးများ နေထိုင်ကြပြီး အလုပ်လုပ်နိုင်သောအရွယ်သည် ကျေးရွာရှိ လူဦးရေအားလုံး၏

(၆၆.၉၅%)ခန့်ရှိပြီး အမျိုးသမီးများမှာ အမျိုးသားအရေအတွက်ထက်(၁.၀၅%) ပိုများသဖြင့် အမျိုးသမီးများလုပ်ကိုင်နိုင်သည့် အလုပ်များကိုပါ ထည့်သွင်းစဉ်းစားပြီး အလုပ်အကိုင်များ ဖန်တီးပေးနိုင်ပါက လူ့စွမ်းအားအရင်းအမြစ်ကို ထိရောက်စွာအသုံးချနိုင်ပြီး ကျေးရွာဖွံ့ဖြိုးရေးအတွက် ပိုမိုအထောက်အကူ ပြုစေနိုင်ပါသည်။

**( ခ ) စီးပွားရေးအခြေအနေ-ဝင်ငွေ၊ပိုင်ဆိုင်မှုနှင့်မမျှတမှု**

အဓိက ဝင်ငွေရလုပ်ငန်းသည် လယ်ယာစိုက်ပျိုးရေးဖြစ်ပြီး တစ်ရွာလုံး၏ ဝင်ငွေအနေအထားမှာ ယေဘုယျအားဖြင့် နိမ့်ကျပါသည်။ဆင်းရဲချမ်းသာ အဆင့် သတ်မှတ်မှုတွင် အိမ်ထောင်စုအားလုံး၏(၁.၉)%ခန့်သာ ဥစ္စာခနေပြည့်စုံပြီး(၁၂.၁၅%)ခန့်မှာ အသင့်အတင့် ချောင်လည်ကာ(၄၀.၁၇%)ခန့်မှာ ဆင်းရဲကြပြီး အိမ်ထောင်စု(၄၅.၈%)ခန့်မှာ အလွန်ဆင်းရဲကြပါသည်။ကျေးရွာတွင် ကိုယ်ပိုင်စိုက်ပျိုးရေးနှင့် အရောင်းအဝယ်လုပ်ကိုင်သည့် အိမ်ထောင်စု (၁၅)စု၊ ကိုယ်ပိုင်စိုက်ပျိုးရေး အနည်းငယ်လုပ်ကိုင်သည့် မပြေလည်သော အိမ်ထောင်စု(၄၃)စုရှိပြီး ကျေးရွာရှိ အိမ်ထောင်စု၏(၄၉)စုသည် မြေယာမဲ့များဖြစ်ပြီး အလွန်ဆင်းရဲသော အဆင့်များတွင် ရှိနေပြီး လူအများစုလည်း ဖြစ်ပါသည်။

**( ဂ ) ဆင်းရဲနွမ်းပါးမှုနှင့်ထိခိုက်လွယ်မှု**

ကျေးရွာတွင် မြေမဲ့ယာမဲ့ အိမ်ထောင်စုအရေအတွက်မှာ လေးပုံသုံးပုံခန့်ရှိ သော်လည်း ရာသီအလိုက် စိုက်ပျိုးရေးလုပ်ငန်းများတွင် အဓိကဝင်ရောက်လုပ်ကိုင်ကြပြီး ဆောက်လုပ်ရေးလုပ်ငန်း၊ လက်လီဈေးရောင်း၊ ခေါင်းရွက်ဗြတ်ထိုးလုပ်ငန်း စသည်တို့တွင်လည်း လုပ်ကိုင်ကြသည်။ကျေးရွာမှဆင်းရဲနှင့် အလွန်ဆင်းရဲ အိမ်ထောင်စုများ၏(၆.၅)%မှာ (၃)လမှ(၆)လကြား ဝမ်းစာဖူလုံပြီး ချေးငွေရယူကာ(၆.၅%)ခန့်မှာသူတစ်ပါးထံမှ မချေးငှားပဲ (၆)လမှ(၁၂)လအထိ နပ်မှန်အောင်စားသုံးနိုင်ကြောင်း တွေ့ရှိရပါသည်။ ကျန်အိမ်ထောင်စုများမှာ ချေးငွေချေးယူခြင်း၊လုပ်အားခ ကြိုတင်ငွေယူခြင်းများရှိပြီး အများစုမှာ စီးပွားရေးကြပ်တည်းကြောင်း တွေ့ရှိရပါသည်။ အကြွေးတင်ရှိမှုတွင် တွေ့ဆုံခဲ့သော အိမ်ထောင်စုအားလုံးသည် အကြွေးငွေ(၁၀၀၀၀၀ိ/-)မှ (၅၀၀၀၀၀ိ/-)ထိတင်ရှိနေကြသည်။ချေးငွေအများစုကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊မြစိမ်းရောင်ကျေးရွာစီမံကိန်းမှ ချေးယူရရှိကြ သည်။

ချေးငွေများကို အသုံးပြုပုံမှာ စားသုံးရန်၊ ရင်းနှီးမြုပ်နှံရန်နှင့် ကျန်းမာရေးကိစ္စရပ်များအတွက် အဓိကသုံးစွဲကြပြီး ဝင်ငွေရအလုပ်အကိုင်များ၊ပညာရေးတို့အတွက် ဒုတိယအနေအထားတွင် သုံးစွဲကြသည်။ ကျေးရွာတွင် ထိခိုက်လွယ်သော အိမ်ထောင်စုများမှာ မိသားစု စောင့်ရှောက်မှုနည်းသူ၊ သက်ကြီးရွယ်အိုများ မရှိကြောင်းတွေ့ရှိရပါသည်။ ထိခိုက်သက်ရောက်မှု အမျိုးအစားတွင် သစ်တောပြုန်းတီးမှု အသင့်အတင့်တွေ့ရှိရပြီး ကျန်အမျိုးအစားများကို နိမ့်သည့် အနေအထားတွင် တွေ့ရှိရပါသည်။ထိခိုက်သက်ရောက်မှုခံရနိုင်သည့်

သူများအတွက် အုပ်စုလိုက်ခွဲခြားသတ်မှတ်ရာတွင်လည်း ထိခိုက်သက်ရောက်မှုမြင့်မား ကြောင်း တွေ့ရသည်။

**( ဃ ) ပညာရေးနှင့်ကျွမ်းကျင်မှုများ**

ကျေးရွာအုပ်စုတွင် မူလတန်းကျောင်း(၆၀'X ၃၀')အုတ်တိုက် ကျောင်းဆောင်(၁) ဆောင်၊(၈၀'X ၂၀')အုတ်တိုက် ကျောင်းဆောင်(၁)ဆောင်တို့ရှိပြီး အမိုး၊နံရံ၊အခင်း အရည် အသွေးများ အသင့်အတင့်ကောင်းမွန်လျက် ရှိပါသည်။ကျောင်း ဆရာ/မဦးရေ(၄)ဦး ရှိပါ သည်။ ကျေးရွာတွင် လက်ရှိပညာသင်ကြားနေသော ကျောင်းသား/သူများမှာ မူလတန်းတွင် ကျား(၁၃)ဦး၊မ(၁၃)ဦး၊ စုစုပေါင်း(၂၆)ဦး၊ အလယ်တန်းတွင် ကျား(၃)ဦး၊မ(-)ဦး၊စုစုပေါင်း(၃) ဦး၊ အထက်တန်းတွင် ကျား(၄)ဦး၊မ(၁)ဦး၊စုစုပေါင်း(၅)ဦး၊တက္ကသိုလ်/ကောလိပ်တွင် ကျား (၂)ဦး၊ မ(၁)ဦး၊စုစုပေါင်း(၃)ဦး ရှိပြီး၊မူလတန်းနှင့် အလယ်တန်းကျောင်းနေ အရွယ်များပြီး အခြား ကျောင်းနေအရွယ် နည်းပါးပါသည်။ကျောင်းသား/သူများ အားလပ်ချိန်တွင် အပန်း ဖြေကစားနိုင်ရန် ဆီးလျှော၊လျှောဆင်းများရှိသော်လည်း ပြည့်စုံမှုမရှိသေးပါ။ ကျောင်းသုံး ပရိဘောဂ၊ စာရေးခုံ၊ထိုင်ခုံတို့လည်း ပြည့်စုံမှုမရှိကြောင်း တွေ့ရှိရပါသည်။

အသက်မွေးဝမ်းကျောင်းပညာသင်ယူနိုင်ခွင့် နည်းပါးခြင်းကြောင့် ကျွမ်းကျင် လုပ် သားနည်းပါး၍ အခြားနေရာများသို့ ဝင်ငွေနိမ့်အလုပ်နည်းများကိုသာ သွားရောက် လုပ်ကိုင် ရပါသည်။ရပ်ရွာရှိ မိရိုးဖလာလယ်ယာလုပ်ငန်းခွင်ရှိသော်လည်း ရာသီအချိန်ကာလကန့်သန့် ဖြင့်သာ ဝင်ငွေနိမ့်ပါးစွာ လုပ်ကိုင်ရ၍ အလုပ်စဉ်ဆက်မပြတ်ရေးအတွက် စက်ရုံ၊ အလုပ်ရုံ လုပ်ငန်းခွင်တွက် ကျွမ်းကျင်သောအလုပ်သမားများဖြစ်စေရန် အသက်မွေးဝမ်းကျောင်းပညာ သင်တန်းများချိတ်ဆက်ဆောင်ရွက်ပေးနိုင်ပါကများစွာ အဆင်ပြေနိုင်ပါသည်။

**( ဃ ) ကျန်းမာရေးနှင့်အာဟာရ**

ကျေးရွာသည် အင်ပူမြို့နယ်ဆေးရုံနှင့်(၁)မိုင်ခန့်၊ ကျေးရွာအုပ်စု ကျေးလက်ဆေး ပေးခန်းသည် ကျေးရွာ၌ရှိပါသည်။ အုပ်စုကျေးလက်သားဖွားဆရာမ(၁)ဦးရှိပြီး ကျန်းမာရေး စောင့်ရှောက်မှုများ အားလုံးပုံမှန်ပြုလုပ်ပေးလျှက်ရှိပါသည်။

ကျေးရွာတွင် သွေးလွန်တုပ်ကွေး၊ဆီးချို၊သွေးတိုး၊အာဟာရချို့တဲ့မှု ရောဂါများ ဖြစ်ပွားမှု နည်းပါးကြောင်း တွေ့ရပါသည်။ ဝမ်းလျှောဝမ်းပျက်၊ ငှက်ဖျားရောဂါ၊ အသက်ရှူ လမ်းကြောင်း ကူးစက်ရောဂါ၊ HIV၊တီဘီရောဂါနှင့် အသည်းရောင်(ဘီစီ)ရောဂါများ ဖြစ်ပွားမှု မရှိကြောင်း တွေ့ရပါသည်။ကျေးရွာတွင် လွန်ခဲ့သော(၁၂)လအတွင်း ကာကွယ်ဆေးထိုးနှံမှု

ပုံမှန်ပြုလုပ်လျှက်ရှိပါသည်။

**( စ ) ကျား-မဆိုင်ရာဆက်နွယ်မှု**

ကျား-မဆိုင်ရာ အခွင့်အရေးဖြင့် ကျေးရွာတွင် တန်းတူရရှိပြီး ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများတွင် တက်ညီလက်ညီ လုပ်ဆောင်ကြပါသည်။ကျေးရွာရှိ တန်ဆောင်တိုင် မီးထွန်းပွဲ၊သီတင်းကျွတ်မီးထွန်းပွဲ၊သင်္ကြန်ပွဲတော်စသည့် ပွဲတော်များ ကျင်းပခြင်း၊ကျေးရွာရှိ ဘုန်းတော်ကြီးကျောင်း ဆရာတော်၏ ဦးဆောင်မှုနှင့် ဂေါပကအဖွဲ့များ ပေါင်းစပ်၍ တရား စခန်းပွဲများ ကျင်းပကြပါသည်။ ဒေသအတွင်း အုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲမှုကိစ္စရပ်များတွင် အမျိုးသမီးများ အခန်းကဏ္ဍတွင် တက်ကြွစွာပါဝင်မှုရှိပါသည်။မူလတန်းကျောင်း ပညာရေး မှ တက္ကသိုလ်ပညာရေးအထိ ကျား၊မတန်းတူအခွင့်အရေးရှိပါသည်။

**၄။ ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ**

**( က ) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု**

ကျေးရွာတွင် ဖွံ့ဖြိုးရေးလုပ်ငန်းအများစုနှင့်ဆိုင်သော သာရေး၊နာရေးကိစ္စများတွင် ဝိုင်းဝန်းဆောင်ရွက်ကြပါသည်။ဘုန်းတော်ကြီးကျောင်း ဂေါပကအဖွဲ့ရှိပါသည်။

ကျေးရွာတွင် သာရေး၊နာရေး၊လူမှုရေးကိစ္စကြီးငယ်ရှိလျှင် ဝိုင်းဝန်းဆောင်ရွက်သော အလေ့အကျင့်ကောင်းရှိပါသည်။ရွှေတောင်စုကျေးရွာအား ခြုံငုံသုံးသပ်ရလျှင် လူမှုရေးကိစ္စ ကြီးငယ် ဆောင်ရွက်လျှင် အားကောင်းကြပြီး ဖွံ့ဖြိုးရေးကို စီမံကိန်းချ၍ ရေရှည်ဆောင်ရွက် နိုင်မည့် အဖွဲ့အစည်းစနစ်မရှိသေးပါ။

**( ခ ) သီးနှံ၊သားငါးထုတ်လုပ်ရေးကဏ္ဍ**

ရွှေတောင်စုကျေးရွာတွင် မိုးစပါးနှင့်ပဲအမျိုးမျိုးတို့ကို အဓိက စိုက်ပျိုးကြသည်။စိုက် ကေအဖြစ် ကေ(၂၁၀.၃၅)ကေရှိပြီး၊တစ်ကေလျှင် မိုးစပါးပျှမ်းမျှ(၅၀)တင်းခန့်၊ လယ်မြေပေါ် တွင် သီးထပ်သီးနှံ မတ်ပဲစိုက်ကေ(၂၁၀.၃၅)ကေရှိ၍ တစ်ကေလျှင်ပျှမ်းမျှ မတ်ပဲ(၁၅)တင်း ခန့် ထွက်ရှိပါသည်။

စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာဝန်ဆောင်မှုများ အသင့်အတင့်ရရှိနိုင်ပြီး စိုက်ပျိုး ရေး ပစ္စည်းကုမ္ပဏီများမှ တောင်သူများအတွက် ဝန်ဆောင်မှုများ အသင့်အတင့်ပေးပါသည်။ တောင်သူအများစုသည် လုပ်ငန်းခွင်တွင် အလုပ်သမားရှားပါးမှုနှင့် ပြည့်စုံလုံလောက်သော လုပ်အားခ မပေးနိုင်ခြင်း ပြဿနာများ၊ ကုန်ကျစရိတ်မြင့်မားမှုတို့နှင့် ရင်ဆိုင်နေရပါသည်။ ရာသီပေါ်သီးနှံများဖြစ်သော မေမြို့ပန်း၊ ပန်းဂေါ်ဖီ၊ ဂေါ်ဖီထုပ်များကိုလည်း တစ်နိုင်တစ်ပိုင် စိုက်ပျိုးကြပါသည်။ ကျေးရွာတွင် ဒေသထွက်မျိုးရင်းဖြစ်သော ဝက်၊ ဘဲ၊ ကြက်တို့ကိုသာ မွေးမြူကြပါသည်။ရာသီအလိုက်ဖြစ်တတ်သောရောဂါများကြောင့် သေဆုံးပျက်စီးမှုများ

ရှိပါသည်။ နည်းပညာဝန်ဆောင်မှုကို မြို့နယ်မွေး/ကုဦးစီးဌာနတို့မှ ရရှိနိုင်သော်လည်း ဝန်ထမ်းအင်အား မလုံလောက်မှုတို့ကြောင့် လွှမ်းခြုံဆောင်ရွက်ပေးနိုင်မှုအားနည်းသည်။

**( ဂ ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကြောင်းလုပ်ငန်းများ**

ကျေးရွာတွင် အိမ်တွင်းထုတ်ကုန်လုပ်ငန်း မရှိပါ။ အခြားဝင်ငွေရ လုပ်ငန်းများမှာ နေ့စားအလုပ်များ၊ ခေါင်းရွက်ဗျက်ထိုး၊ ဈေးရောင်းခြင်းနှင့် အစိုးရဝန်ထမ်းလုပ်ငန်းများ ဖြစ်ကြပါသည်။ အခြားလုပ်ငန်းအများစုမှာ ရာသီဥတုနှင့် အမျိုးအစားအလိုက် တွက်ခြေကိုက်မှုနည်းပါးမှု အနေအထားတွင်ရှိသည်။ လက်လုပ်လက်စား လုပ်ငန်းများမှာ စိုက်ပျိုးရာသီတွင်သာ အလုပ်အကိုင်များပြီး ကျန်အချိန်များတွင် အလုပ်အကိုင်နှင့် ဝင်ငွေမမှန်ခြင်းကြောင့် တွက်ခြေကိုက်မှု နည်းပါးပါသည်။ကျေးရွာတွင် အလုပ်လုပ်ကိုင်နေသော လူဦးရေများပြားခြင်းသည် ကျေးရွာ၏အလားအလာကောင်း တစ်ရပ်ဖြစ်သည်။ အသက်မွေးဝမ်းကျောင်း သင်တန်းများအား တက်ရောက်နိုင်မှု နည်းပါးပါသည်။

**( ဃ ) သဘာဝပတ်ဝန်းကျင်နှင့်သယံဇာတစီမံခန့်ခွဲမှု**

ကျေးရွာတွင် စပါးနှင့်အခြားသီးနှံစိုက်ခင်းများတွင် ပိုးသတ်ဆေးနှင့်ဓါတုဓာတ်မြေဩဇာသုံးစွဲမှုများပြားသဖြင့် မြေဆီလွှာအရည်အသွေးကျဆင်းနေပါသည်။ တောင်သူများ အနေဖြင့် ဘက်စုံစီမံခန့်ခွဲမှုတွင် ပလပ်စတစ်အိတ်ခွံ၊ပုလင်းခွံ၊ကော်နှင့် ဆက်စပ်သော ပစ္စည်းများအား စနစ်တကျ မစွန့်ပစ်ကြသဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးရေး လုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ပေးသင့်သည်။

ရွှေတောင်စုကျေးရွာသည် ကုန်းမြင့်ဒေသအပိုင်းတွင်တည်ရှိ၍ ရေကြီးမှုဒဏ် နှစ်စဉ်ခံစားရခြင်းမရှိပေ။

**( င ) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှုများ**

ကျေးရွာမှ တောင်သူလယ်သမားများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးပေးသောချေးငွေကို တစ်လအတိုးနှုန်း(၀.၈၀)ကျပ်တိုးနှုန်း၊ ၁ဧကလျှင်(၁၅၀၀၀၀/-)ကျပ်နှုန်းဖြင့် အများဆုံး(၁၀)ဧကအတွက် ချေးယူနိုင်ကြပါသည်။

ကျေးရွာသားအများစုသည် ချေးငွေကို အဓိကအားဖြင့် ရိက္ခာ၊ ဝင်ငွေရလုပ်ငန်း၊ ကျန်းမာရေး၊ ပညာရေးဆိုင်ရာ ကိစ္စရပ်များအတွက် ချေးယူကြပြီး ကျေးရွာတွင် ချေးငွေလိုအပ်ကြောင်း တွေ့ရှိရပါသည်။ဆင်းရဲ၊အလွန်ဆင်းရဲသော အိမ်ထောင်စုများ၏ အကြွေးတင်ရှိမှုကို လေ့လာဆန်းစစ်ချက်အရ အကြွေးတင်ငွေပမာဏသည် (၁၀၀၀၀၀/-)မှ (၅၀၀၀၀၀/-)ထိ တွေ့ရှိရပါသည်။

## ( စ ) ပညာရေး၊ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာအုပ်စုပိုင် မူလတန်းကျောင်းဆောင်(၆၀'x၃၀')(၁)ဆောင်၊ (၈၀'x၂၀') (၁) ဆောင်ရှိပြီး သွပ်မိုး၊အုတ်နံရံကာ အင်္ဂတေခင်းကျောင်းများဖြင့် ပညာသင်ကြားပေးသည်။ ကျေးရွာသားအားလုံး ရေးတတ်၊ ဖတ်တတ်ကြသည်။ ကျေးရွာကျောင်းတက်နှုန်းမှာ အလယ် အလတ်အဆင့်သာရှိပါသည်။ကျောင်းတွင် ဆရာ/မ စုစုပေါင်း(၄)ဦးနှင့် ကျောင်းသား/သူ စုစုပေါင်း(၁၆၀)ဦးတို့ဖြင့် ပညာသင်ကြားနေပါသည်။ဆရာ၊တပည့်အချိုး (၄၀:၁)ဖြစ်ပါသည်။ ကျောင်းဖွင့်ရာသီတွင် ကျောင်းသား/သူများအတွက် ပြဋ္ဌာန်းစာအုပ်များနှင့် လေ့ကျင့်ခန်း စာအုပ်များ အခမဲ့ပံ့ပိုးပေးပါသည်။ကျေးရွာတွင် ကျေးလက်ကျန်းမာရေး ဆေးပေးခန်းရှိပါ သည်။တာဝန်ကျ သားဖွားဆရာမ(၁)ဦးရှိပါသည်။

သောက်သုံးရေအတွက် ရေတွင်း၊လက်နှိပ်ရေတုံကင်၊အဝီစိစက်တပ်တွင်းများ ရှိ၍ ရေရရှိပြီး လုံလောက်မှုရှိပါသည်။ တစ်ရွာလုံးတွင် အိမ်သာ(၁၀၇)လုံးရှိပြီး၊ ကွန်ကရစ်ခွေ၊ အုတ်၊ ဝါးတိုင်ပတ်ဖြင့်လည်ကောင်း ဆောက်လုပ်သုံးစွဲကြပါသည်။ ကျန်းမာရေးအသိပညာ ဗဟုသုတများ အတော်အသင့်ရှိကြောင်း တွေ့ရှိရပါသည်။ထို့ကြောင့် ယင်းကြောင့်ဖြစ်ပွား တတ်သော ရောဂါဖြစ်ပွားမှု ရံဖန်ရံခါဖြစ်ပွားပါသည်။ စာသင်ကျောင်းနှင့် ဘုန်းတော်ကြီး ကျောင်းများတွင် လုံလောက်သောအိမ်သာများ စနစ်တကျဆောက်လုပ်ထားကြောင်း တွေ့ရှိ ရပါသည်။

## ( ဆ ) လူငယ်နှင့်ယဉ်ကျေးမှု

ကျေးရွာတွင် လူငယ်များအတွက် အပန်းဖြေအနားယူနိုင်သော နေရာသီးသန့်မရှိ သော်လည်း ကျေးရွာပိုင် ခြင်းကွင်းရှိပါသည်။လူငယ်များအနေဖြင့် ဘာသာရေးပွဲများနှင့် ကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြပါသည်။

## ( ဇ ) အခြေခံအဆောက်အဦ–လမ်းတံတား၊လျှပ်စစ်စွမ်းအား၊သတင်းနှင့်ဆက်သွယ်ရေး

ကျေးရွာရှိ လမ်းအများစုမှာ မြေသားလမ်းဖြစ်ပြီး၊ ထော်လာဂျီ၊ ဆိုင်ကယ်၊စက်ဘီး များကို အသုံးပြုသွားလာကြပါသည်။ကုန်းလမ်းဆက်သွယ်ရေးအတွက် ထော်လာဂျီ(၁)စီး၊ ဆိုင်ကယ်(၅၇)စီး၊စက်ဘီး(၅၀)စီး၊ သုံးဘီးဆိုင်ကယ်(၁)စီး၊ လှည်း(၁)စီးတို့ဖြင့် အသုံးပြု လျက်ရှိပါသည်။ကျေးရွာတွင်လျှပ်စစ်မီးမရရှိသေးပါ။ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေး ကို ဈေးကွက်နှင့်အခြားဝန်ဆောင်မှုများအတွက် လက်လှမ်းမီအသုံးပြုနိုင်သည်။ကျေးရွာတွင် အင်တာနက်အသုံးပြုနိုင်မှု အသင့်အတင့် ကောင်းမွန်ပြီး သတင်းအချက်အလက် ချိတ်ဆက်

မှုများအတွက် များစွာအသုံးဝင်ပါသည်။

**( ဈ ) တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး**

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွားမှုနည်းပါးမှုကြောင့် တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်းရောင်းဝယ်မှုကို ချောမွေ့စေသည်။ ကျေးရွာသူ/သားများသည် မိုဘိုင်းဖုန်း ဆက်သွယ်ရေးကို အသုံးပြုနိုင်ကြပြီး လိုအပ်သော သတင်းအရင်းအမြစ်များအတွက် လိုအပ်သလို ဆက်သွယ်သိရှိနိုင်သည်။ကျေးရွာတွင် သဘာဝဘေးအန္တရာယ်လျော့ပါးရေးအစီအစဉ် သီးသန့်ရေးဆွဲထားခြင်း မရှိသေးပါ။ကျေးရွာသူ/သားများသည် ရဲစခန်းသို့ အလွယ်တကူ ချိတ်ဆက်မှုများ ပြုလုပ်နိုင်သောကြောင့် ကျေးရွာအတွင်း ရာဇဝတ်မှုများနည်းပါးပါသည်။

**၅။ ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အခြေနေကောင်းများ၊အဟန့်အတားများနှင့်စိန်ခေါ်မှုများ**

**( က ) ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အခြေနေများ**

ကျေးရွာတွင် လူဦးရေအားလုံး၏ (၆၆.၉၅%)မှ အလုပ်လုပ်နိုင်သည့် အရွယ်များဖြစ်ကြသည်။ဘွဲ့ရအရေအတွက် အသင့်အတင့်ရှိပြီး ကျွမ်းကျင်မှုအသက်မွေးဝမ်းကျောင်းသင်တန်းများကို လူငယ်များကို လေ့ကျင့်သင်ကြားပေးခြင်းဖြင့် လူသားအရင်းအမြစ်ကို တိုးတက်ကောင်းမွန်စေပါသည်။ကျေးရွာလူထု၏ကျန်းမာရေးအခြေအနေမှာ ယေဘုယျအားဖြင့် ကောင်းမွန်ပြီး ကျန်းမာရေးပံ့ပိုးပစ္စည်းများနှင့် ဝန်ဆောင်မှုတို့လည်း အလွယ်တကူလက်လှမ်းမီနိုင်ကြသည်။ ကျေးရွာသူ/သားများအနေဖြင့် စိုးရိမ်ရသော ဆေးဝါးကုသလိုမှု အတွက်လည်း အင်္ဂပူမြို့နယ်ဆေးရုံသို့ သွားရောက်ဆေးကုသမှုခံယူနိုင်သည်။

သဘာဝအရင်းအမြစ်အနေဖြင့် လယ်ယာမြေများသည် မြေပြန့်ဖြစ်ပြီး မြေဆီသြဇာ အသင့်အတင့်ကောင်းမွန်သည်။တောင်သူများသည် လယ်ယာထွက်ကုန်များကို အလွယ်တကူသယ်ယူပို့ဆောင်နိုင်သည်။မိုးရွာသွန်းမှုမှာ စပါးစိုက်ပျိုးထုတ်လုပ်မှုအတွက် အထောက်အကူဖြစ်ပါသည်။ကျေးရွာသည် ဆုံကုန်း-မြန်အောင်လမ်းမကြီးဘေးတွင် တည်ရှိပါသည်။ ဟင်္သာတ၊ အင်္ဂပူ၊ ပုသိမ်နှင့် ရန်ကုန်မြို့များသို့ ကားလမ်းဖြင့် ကူးသန်းသွားလာနိုင်သည်။ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သဖြင့် ကျေးရွာထွက်ကုန်များကို တင်ပို့ရောင်းချနိုင်ပါသည်။မွေးမြူရေးထွက်ကုန်များ ထုတ်လုပ်ရောင်းချရန်အတွက် နည်းပညာဆိုင်ရာ ပံ့ပိုးမှုများနှင့် ဈေးကွက်ဖန်တီးမှုများကို ပြုလုပ်ပါက အထူးတိုးတက်လာနိုင်ပါသည်။

ကျေးရွာတွင် ရာဇဝတ်မှုနည်းသဖြင့် တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်း

ရောင်းဝယ်ခြင်းကို ချောမွေ့စေသည်။ကျေးရွာသူ/သားများသည် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို အသုံးပြုနိုင်ကြသဖြင့် လိုအပ်သော သတင်းအရင်းအမြစ်များအတွက် လိုအပ်သလိုဆက်သွယ် သိရှိနိုင်ပါသည်။မိုဘိုင်းဖုန်းဆက်သွယ်ရေးကို ဈေးကွက်နှင့်ဝန်ဆောင်မှုလုပ်ငန်းများအတွက် လက်လှမ်းမီ အသုံးပြုနိုင်သည်။

**( ခ ) အဟာနဲ့အတားနှင့်စိန်ခေါ်မှု**

ကျေးရွာတွင် မြေဆီသြဇာအသင့်အတင့် ကောင်းမွန်သည်မှအပ အခြားသယံဇာတအရင်းအမြစ်များ ထွက်ရှိခြင်း မရှိပေ။ စိုက်ပျိုးမြေတိုးချဲ့နိုင်မှုနှင့် ပတ်သက်ပြီး မြေလွတ်မြေရိုင်းများ ထပ်မံမတိုးချဲ့နိုင်သော်လည်း လက်ရှိမြေပေါ်တွင် ထုတ်လုပ်တိုးမြှင့်ရန် ဆောင်ရွက်ကြပါသည်။ သီးနှံများမှာ ရာသီဥတုဖောက်ပြန်ပါက ပိုးမွှားများ ကျရောက်သည့်အန္တရာယ်ကို ကြုံတွေ့ရပါသည်။

ကျေးရွာတွင် ကျေးလက်ဆေးပေးခန်းရှိပြီး သားဖွားဆရာမ(၁)ဦးရှိပြီး အင်္ဂပူမြို့ဆေးရုံနှင့်လည်း နီးသောကြောင့် ကျန်းမာရေးပတ်သက်၍ လက်လှမ်းမီမှုရှိပါသည်။

**၆။ ပန်းတိုင်နှင့်မဟာဗျူဟာ**

**( က ) ဖွံ့ဖြိုးရေးပန်းတိုင်**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှအဖွဲ့နှင့် တိုင်ပင်ညှိနှိုင်းပြီးလာမည့် ငါးနှစ်တာကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်။

(က.၁)ကျွန်ုပ်တို့ကျေးရွာလူထုသည် ကုန်ထုတ်လုပ်မှုမြှင့်တင်ခြင်း၊အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးခြင်း၊သက်မွေးပညာသင်တန်းများရရှိခြင်းမှ ဝင်ငွေရှာဖွေနိုင်စွမ်းနှင့် စီးပွားရေးအနေအထား တိုးတက်ရရှိလာစေရမည်။

(က.၂)ကျွန်ုပ်တို့ကျေးရွာလူထုသည် စာတတ်မြောက်မှုနှင့် ပိုမိုကောင်းမွန်သောပညာရေးမှတဆင့် ကလေးငယ်များ၏ လူသားဆိုင်ရာစွမ်းဆောင်ရည် နယ်ပယ်ကို ကျယ်ဝန်းလာစေရမည်။

(က.၃)ကျွန်ုပ်တို့ကျေးရွာလူထုသည် သက်မွေးဝမ်းကျောင်းနှင့် စီးပွားရေးအုပ်စုများဖွဲ့စည်းပြီး ကျေးရွာအခြေပြုအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်မြင့်မားလာမှုမှတဆင့် ဖွံ့ဖြိုးရေးစီမံခန့်ခွဲမှုယန္တရား တိုးတက်လာရမည်။

(က.၄)ကျွန်ုပ်တို့ ကျေးရွာရှိ လမ်းပန်းဆက်သွယ်ရေးနှင့် အခြေခံအဆောက်အဦများ

ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ကောင်းမွန်သောဈေးကွက်ကြီးကို ဖန်တီးတည်ဆောက်မည်။

(က.၅)ကျွန်ုပ်တို့သည် ဖြစ်ပေါ်လာနိုင်သော သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးများကိုချမှတ်ပြီး ကျေးရွာပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်များကို ကာကွယ်စောင့်ရှောက်မည်။

(က.၆)ကျွန်ုပ်တို့သည် ခေတ်မီလယ်ယာများဖော်ထုတ်ပြီး အရည်အသွေးမြင့် စိုက်ပျိုးရေးထုတ်ကုန်များ ထုတ်လုပ်မည်။

**( ခ ) အကောင်အထည်ဖော်နည်းဗျူဟာ**

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်။

(ခ.၁)ကျေးရွာတွင် အရင်းအနှီးချေးငွေ၊လယ်ယာသုံးစက်ကိရိယာများ ကျယ်ပြန့်စွာ အသုံးပြုနိုင်ရေးနှင့် နည်းပညာအသုံးချနိုင်စွမ်း ရရှိရေးတို့ကို ဆောင်ရွက်ပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားမည်။ အသေးစား ငွေကြေးလုပ်ငန်းနှင့် ချေးငွေများအတိုးနှုန်း သက်သာစွာဖြင့် ပိုမိုရရှိစေရန်အတွက် မြို့နယ်ရှိဘဏ်များ၊ပုဂ္ဂလိက ရင်းနှီးငွေရရှိနိုင်ရာ အခြားနေရာများနှင့်ချိတ်ဆက်ပေးမည်။ အရင်းအနှီးငွေများ ရရှိပါက စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများအတွက် ခွဲဝေချထားပေးမည်။

(ခ.၂)ကျွန်ုပ်တို့သည် အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းများ တက်ရောက်နိုင်ရန် သင့်တော်သော သင်တန်းသားများကို ရွေးချယ်စီစဉ်ပေးရမည်။ ထိုသင်တန်းများသည် သင်တန်းသားများအတွက် ကျွမ်းကျင်မှုများကို တိုးပွားရရှိစေပြီး ဝင်ငွေရလုပ်ငန်းများ ထူထောင်တိုးချဲ့နိုင်ရန် အထောက်အကူပြုပေမည်။

(ခ.၃)ကျေးရွာတွင်ရွာတွင်းလမ်း၊ချဉ်းကပ်လမ်းတို့ကိုကောင်းမွန်အောင် ဆောင်ရွက်သွားမည်။ကျေးရွာလူမှုအဖွဲ့အစည်းများကိုလည်းကျေးရွာအခြေပြုလုပ်ငန်းများကို အကောင်အထည်ဖော်စီမံခန့်ခွဲနိုင်ရန် ခေါင်းဆောင်မှုစွမ်းရည်များ ပိုမိုရရှိအောင် ဆောင်ရွက်ရန် တိုက်တွန်းအားပေးဆောင်ရွက်မည်။

**၇။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့်အထက်အဆင့်မှ ကူညီဖြေရှင်းပေးရမည့် ကိစ္စများ**

အစိုးရ၏မူဝါဒနှင့်လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ပြုစုဖော်ပြထားပါသည်။ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတဆင့် ကျွန်ုပ်တို့ ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့် အစိုးရဌာနများ နှင့် အဖွဲ့အစည်း များကို

ရှာဖွေ ဖော်ထုတ်ပေးနိုင်ပါသည်။

**( က ) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့်ပုံမှန်စိစစ်ခြင်း**

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါ ပါသည်။အနာဂတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ကျွန်တော်တို့ ကျေးရွာသားများကိုယ်တိုင် အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံး အတည်ပြုထားသည့် ဖွံ့ဖြိုးရေးအစီအစဉ်များကိုလည်း သတ်မှတ်ကာလအတိုင်း ပုံမှန်စိစစ်သွားနိုင်ပါမည်။အရေးကြီးသည့် အချက်မှာ ဦးစားပေးစီမံချက်များနှင့် ဘတ်ဂျက်ပမာဏ ပါဝင်သည့် နှစ်ပတ်လည် ဖွံ့ဖြိုးရေးစီမံချက် ပြင်ဆင်ရန် ဖြစ်သည်။

**( ခ ) စိုက်ပျိုးမြေများ ထိရောက်စွာ အသုံးချနိုင်ရေး**

ကျေးရွာတွင် စပါး၊ မတ်ပဲ၊ ရာသီပေါ်သီးနှံများအဖြစ် စိုက်ပျိုးကြသည်။သို့သော် ယာလုပ်သားရှားပါးလာမှုနှင့်အတူ ရာသီဥတု ဖောက်ပြန်လာမှုတို့ကြောင့် ယာလုပ်ငန်းခွင်အချိန်မီပြီးစီးရန် အနည်းငယ်အခက်အခဲ တွေ့ကြုံရတတ်ပေသည်။ စိုက်ပျိုးနိုင်သော မြေနေရာများရှိပြီး ဝင်ငွေကောင်းမွန်သော စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ဆောင်နိုင်ရန် နည်းပညာနှင့် ဈေးကွက်ဖော်ဆောင်ရေးလုပ်ငန်းများကို သက်ဆိုင်ရာ အစိုးရဌာနများနှင့်ပြည်သူလူထုပူးပေါင်းဆောင်ရွက်သင့်ပါသည်။

**( ဂ ) အသက်မွေးဝမ်းကျောင်းဆိုင်ရာ လုပ်ငန်းများဖန်တီးပေးခြင်း**

ရွှေတောင်စုကျေးရွာတွင် လူငယ်အချို့အား ၎င်းတို့ဘဝတိုးတက်ရာ အာမခံချက်ပေးနိုင်သော အသက်မွေးဝမ်းကျောင်းဆိုင်ရာ အတတ်ပညာများ ရရှိအောင် ချိတ်ဆက်ကူညီဆောင်ရွက်မှုများ ပြုလုပ်သင့်သည်။

**၈။ စီမံကိန်း၊စီမံချက်များနှင့်အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ**

စီမံချက်များသည် အကောင်အထည်ဖော်မည့်ဗျူဟာများကို လုပ်ငန်းဆောင်ရွက်မှုများအဖြစ် သဘောထားနားလည်နိုင်စေမည့် ဖော်ထုတ်ထားချက်များဖြစ်သည်။ထို့ကြောင့် စီမံချက်များသည် ငါးနှစ်တာ စီမံချက်ကာလအတွင်း ချမှတ်ထားသော ပန်းတိုင်များကိုရောက်ရှိရန် ပါဝင်ပေးမည့် ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်မှုဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။

**( က ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း**

ကျေးရွာလူထုက ငါးနှစ်တာစီမံချက်ကာလအတွက် ပြင်ဆင်ပြုစုကြသည့်ကာလက ဖော်ထုတ်၍ဦးစားပေးတန်းစီခဲ့ကြသည့် စီမံချက်များသည် မည်သို့မျှ ပြည့်စုံမှုမရှိနိုင်ပါ။ ဤသည်မှာ ကျေးရွာလူထုသည် နှစ်နှစ်၊သုံးနှစ်တာကာလ စီမံချက်များအတွက် မျှော်မှန်း

ရေးဆွဲထားနိုင်ကြသော်လည်းငါးနှစ်တာကာလတစ်လျှောက်လုံးတွင် နောက်ထပ်ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်းများကိုလည်း ဖော်ထုတ်သွားကြပါမည်။ သို့ပါသောကြောင့် ရေးဆွဲထားသည့် ငါးနှစ်တာစီမံချက်သည် ပြင်းထန်သော သဘာဝဘေးအန္တရာယ်ကဲ့သို့ ထိခိုက်စရာများ မပေါ်ပေါက်ပါက အနည်းနှင့်အများဆိုသလို ပြောင်းလဲမှုမရှိနိုင်ပဲ နောက်ထပ်တိုးလာမည့် လုပ်ငန်းစီမံချက်များသာ ပါဝင်လာနိုင်ပါမည်။ထို့ကြောင့် ငါးနှစ်တာ ကာလကျေးရွာဖွံ့ဖြိုးရေးစီမံချက်၏ ဗျူဟာမြောက်မူဘောင်အတွင်း နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ကို ဆောင်ရွက်သွားကြပါမည်။

**( ခ ) ကဏ္ဍနှင့်ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း**

စီမံကိန်း၊စီမံချက်များကို စီမံချက်ဆိုင်ရာအချက်အလက်များကို စိစစ်စိတ်ဖြာနိုင်ရန် လုပ်ငန်းရပ်ဆိုင်ရာနှင့်ရင်းနှီးမြှုပ်နှံမှုကို အခြေခံပြီး အုပ်စုခွဲသည်။လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း(Functional classification)ဖြင့် ဝန်ကြီးဌာနများ ၊ဦးစီးဌာနများအတွက် သက်ဆိုင်ရာလုပ်ငန်းများအလိုက် ဆောင်ရွက်ဖွယ်ရာများကို သိရှိနားလည်စေနိုင်သည်။ရင်းနှီးမြှုပ်နှံမှု အမျိုးအစားကိုအခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic classification)သည် စီမံချက်ကို အကဲဖြတ်ရာတွင် စီးပွားရေးအကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက်ရောက်မှုဆိုင်ရာ ငွေလုံးငွေရင်း အသုံးစရိတ်၊စွမ်းဆောင်ရည် မြှင့်တင်ရေး၊ လူသားချင်းဆိုင်ရာ ထောက်ပံ့မှုတို့ကို ခွဲခြားသိရှိစေရန် အထောက်အကူပြုသည်။

လုပ်ငန်းကဏ္ဍကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Functional classification) ဝန်ကြီးဌာနများ၊ဦးစီးဌာနများက ယင်းတို့၏လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍ အပိုင်းအခြားများကို သိရှိစေနိုင်သည်။

ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း(Economic classification)တွင်

သာမန်အသုံးစရိတ်

- ငွေလုံးငွေရင်းအသုံးစရိတ်
- စွမ်းဆောင်ရည်မြှင့်တင်ရေး အသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့တို့ ပါဝင်သည်။

## ( ၈ ) ဦးစားပေးစီမံချက်များ

| စဉ် | ကဏ္ဍ | ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်း | ရမှတ် | ဦးစားပေး အဆင့် |
|---|---|---|---|---|
| ၁ | အဆောက်အဦ | ကျေးရွာတွင်းလမ်းအမှတ်စဉ်(၂)အားကွန်ကရစ်ဘီးလမ်းခင်းခြင်း | ၁၀၀ | ၁ |
| ၂ | အဆောက်အဦ | ကျေးလက်လျှပ်စစ်မီးရရှိရေး(၄၀ဝဗို့အားလိုင်း)မီးကြိုးသွယ်တန်းခြင်း | | ၂ |
| ၃ | အဆောက်အဦ | စက်ရေတွင်း၊ရေပိုက်လိုင်းသွယ်တန်းခြင်း | | ၃ |
| ၄ | အဆောက်အဦ | ကျေးရွာဆိုင်းဘုတ်ပြုလုပ်ခြင်း | | ၄ |
| ၅ | စိုက်ပျိုးရေး | လယ်ယာစိုက်ပျိုးရေးအတွက် မျိုးကောင်းမျိုးသန့်၊သွင်းအားစုနှင့် နည်းပညာများလိုအပ်ခြင်း | | ၅ |
| ၆ | မွေးမြူရေး | မွေးမြူရေးအတွက် မျိုးကောင်း၊မျိုးသန့်၊နည်းပညာများလိုအပ်ခြင်း | | ၆ |
| ၇ | သက်မွေး | အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းများလိုအပ်ခြင်း | | ၇ |
| ၈ | သက်မွေး | ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်း(RBF) | | ၈ |
| ၉ | လူမှုရေး | ပရဟိတ အသင်းအဖွဲ့များ ဖွဲ့စည်းခြင်း | | ၉ |
| ၁၀ | လူမှုရေး | ကျန်းမာရေး၊ယာဉ်စည်းကမ်းအသိပညာပေးသင်တန်းများလိုအပ်ခြင်း | | ၁၀ |
| ၁၁ | အဆောက်အဦ | ကျေးရွာတွင်းလမ်းအမှတ်စဉ်(၄)အားကွန်ကရစ်ဘီးလမ်းခင်းခြင်း | | ၁၁ |
| ၁၂ | ကျန်းမာ သန့်ရှင်းရေး | ကျေးရွာစွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုစနစ်ဆောင်ရွက်ခြင်း | | ၁၂ |
| ၁၃ | သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေး | သဘာဝပတ်ဝန်းကျင်နှင့်ဘေးအန္တရာယ်ကာကွယ်ရေးဆိုင်ရာ အသိပညာပေးခြင်းများလိုအပ်ခြင်း | | ၁၃ |
| ၁၄ | အဆောက်အဦ | ကျေးရွာချင်းဆက်လမ်းမြေရောကျောက်ခင်းခြင်းလုပ်ငန်း | | ၁၄ |
| ၁၅ | အဆောက်အဦ | ကျေးရွာတွင်းလမ်းအမှတ်စဉ်(၁)ကွန်ကရစ်ဘီးလမ်းခင်းခြင်း | | ၁၅ |
| ၁၆ | အဆောက်အဦ | ကျေးရွာတွင်းလမ်းအမှတ်စဉ်(၃)ကွန်ကရစ်လမ်းခင်းခြင်း | | ၁၆ |
| ၁၇ | အဆောက်အဦ | ဘက်စုံသုံးခန်းမတည်ဆောက်ခြင်း | | ၁၇ |
| ၁၈ | အဆောက်အဦ | "မကျီးကုန်းကျေးလက်ကျန်းမာရေးဌာနခွဲ(ရွှေတောင်စု)"အသစ် တည်ဆောက်ခြင်းနှင့် ဝန်ထမ်းအိမ်ရာတည်ဆောက်ခြင်း | | ၁၈ |

## ( ဃ ) အကောင်အထည်ဖော်မည့်အချိန်ကာလ

အောက်ပါဇယားတွင် လုပ်ငန်းစတင်ရန်၊ပြီးဆုံးရန် ခန့်မှန်းဖော်ပြထားသည့် ဦးစားပေးစီမံချက်များ၏အချိန်ဇယားကို ဖော်ပြထားသည်။ဤအစီအစဉ်ကို နှစ်အလိုက် လိုအပ်သလို ဖြည့်စွက်ပြင်ဆင်ပြီး နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ရေးဆွဲရာတွင် ထည့်သွင်းပေးမည်။

| | စီမံချက် | အဆင့် | ၂၀၂၂ | ၂၀၂၃ | ၂၀၂၄ | ၂၀၂၅ | ၂၀၂၆ |
|---|---|---|---|---|---|---|---|
| ၁ | ကျေးရွာတွင်းလမ်းအမှတ်စဉ်(၂)အားကွန်ကရစ်ဘီးလမ်းခင်းခြင်း | ၁ | ✓ | | | | |
| ၂ | ကျေးလက်လျှပ်စစ်မီးရရှိရေး(၄၀၀ဗို့အားလိုင်း)မီးကြိုးသွယ်တန်းခြင်း | ၂ | ✓ | | | | |
| ၃ | စက်ရေတွင်း၊ရေပိုက်လိုင်းသွယ်တန်းခြင်း | ၃ | ✓ | | | | |
| ၄ | ကျေးရွာဆိုင်းဘုတ်ပြုလုပ်ခြင်း | ၄ | | ✓ | | | |
| ၅ | လယ်ယာစိုက်ပျိုးရေးအတွက်မျိုးကောင်းမျိုးသန့်၊သွင်းအားစုနှင့်နည်းပညာများလိုအပ်ခြင်း | ၅ | ✓ | ✓ | | | |
| ၆ | မွေးမြူရေးအတွက် မျိုးကောင်း၊မျိုးသန့်၊နည်းပညာများလိုအပ်ခြင်း | ၆ | ✓ | ✓ | | | |
| ၇ | စိုက်ပျိုးရေးမွေးမြူရေးနှင့်ငါးသယံဇာတထိန်းသိမ်းနည်းသင်တန်း | ၇ | ✓ | | | | |
| ၈ | ရာသီပေါ်သီးနှံများစနစ်တကျစိုက်ပျိုးနည်း(GAP)စနစ်သင်တန်း | ၇ | ✓ | | | | |
| ၉ | အိမ်တွင်းလျှပ်စစ်သွယ်တန်းမှုနည်းပညာသင်တန်း | ၇ | ✓ | | | | |
| ၁၀ | သီးနှံအခြေခံယို၊ဖျော်ရည်အမျိုးမျိုးနှင့် သီးနှံခြောက်တန်ဖိုးမြင့်စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာသင်တန်း | ၇ | ✓ | | | | |
| ၁၁ | လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်း | ၇ | ✓ | | | | |
| ၁၂ | ဆိုင်ကယ်ပြင်သင်တန်း | ၇ | ✓ | | | | |
| ၁၃ | ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်း(RBF) | ၈ | ✓ | ✓ | | | |
| ၁၄ | တစ်လုံးထိုးဒီဇယ်အင်ဂျင်ပြုပြင်နည်းသင်တန်း | ၇ | | ✓ | | | |
| ၁၅ | ပရဟိတ အသင်းအဖွဲ့များ ဖွဲ့စည်းခြင်း | ၉ | ✓ | ✓ | | | |
| ၁၆ | ကျန်းမာရေး၊ယာဉ်စည်းကမ်းအသိပညာပေးသင်တန်းများလိုအပ်ခြင်း | ၁၀ | ✓ | ✓ | | | |

| | စီမံချက် | အဆင့် | ၂၀၂၂ | ၂၀၂၃ | ၂၀၂၄ | ၂၀၂၅ | ၂၀၂၆ |
|---|---|---|---|---|---|---|---|
| ၁၇ | ကျေးရွာတွင်းလမ်းအမှတ်စဉ်(၄)အားကွန်ကရစ်ဘီးလမ်းခင်းခြင်း | ၁၁ | ✓ | | | | |
| ၁၈ | ကျေးရွာစွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုစနစ်ဆောင်ရွက်ခြင်း | ၁၂ | ✓ | ✓ | | | |
| ၁၉ | သဘာဝပတ်ဝန်းကျင်နှင့်ဘေးအန္တရာယ်ကာကွယ်ရေးဆိုင်ရာ အသိပညာပေးခြင်းများလိုအပ်ခြင်း | ၁၃ | ✓ | ✓ | | | |
| ၂၀ | ကျေးရွာချင်းဆက်လမ်းမြေရောကျောက်ခင်းခြင်းလုပ်ငန်း | ၁၄ | | ✓ | | | |
| ၂၁ | ကျေးရွာတွင်းလမ်းအမှတ်စဉ်(၁)ကွန်ကရစ်ဘီးလမ်းခင်းခြင်း | ၁၅ | | ✓ | | | |
| ၂၂ | ကျေးရွာတွင်းလမ်းအမှတ်စဉ်(၃)ကွန်ကရစ်လမ်းခင်းခြင်း | ၁၆ | | ✓ | | | |
| ၂၃ | ဘက်စုံသုံးခန်းမတည်ဆောက်ခြင်း | ၁၇ | | ✓ | | | |
| ၂၄ | "မကြီးကုန်းကျေးလက်ကျန်းမာရေးဌာနခွဲ(ရွှေတောင်စု)"အသစ် တည်ဆောက်ခြင်းနှင့်ဝန်ထမ်းအိမ်ရာတည်ဆောက်ခြင်း | ၁၈ | | ✓ | | | |

## ၉။ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင် ဖော်ပြထားသော စီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်းနမူနာအဖြစ် ကိုးကားရန် ပမာဏသာဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သော ဘတ်ဂျက်ပမာဏတွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည် ဖြစ်ပါသည်။ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည် တစ်ချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ဝန်ဆောင်မှုပေးသည့် လုပ်ငန်းများထံမှ ဘတ်ဂျက်အပါအဝင် စီမံချက်ပြုစုရေးဆွဲရေး အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ဖော်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ငွေသားမဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်းဖော်ပြထားခြင်း မရှိပါ။(ငွေသားမဟုတ်သော ထည့်ဝင်မှု၊ဥပမာ-လုပ်အား၊သဲ၊ကျောက်၊ပစ္စည်းကိရိယာ၊အချိန် စသည်)

| စဉ် | စီမံချက် | ရန်ပုံငွေ (သိန်း) | ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | သာမန် အသုံး စရိတ် | ငွေလုံးငွေရင်း အသုံးစရိတ် | စွမ်းဆောင် ရည်မြှင့် တင်ရေး | လူသားချင်း စာနာမှု အထောက် အပံ့ |
| ၁ | ကျေးရွာတွင်းလမ်းအမှတ်စဉ်(၂)အားကွန်ကရစ် ဘီးလမ်းခင်းခြင်း | ၁၃၀ | | | | |
| ၂ | ကျေးလက်လျှပ်စစ်မီးရရှိရေး(၄၀၀ဗို့အားလိုင်း) မီးကြိုးသွယ်တန်းခြင်း | ၂၀၀.၆၅၅၇၆ | | | | |
| ၃ | စက်ရေတွင်း၊ရေပိုက်လိုင်းသွယ်တန်းခြင်း | ၃၈၀ | | | | |
| ၄ | ကျေးရွာဆိုင်းဘုတ်ပြုလုပ်ခြင်း | ၁၀ | | | | |
| ၅ | လယ်ယာစိုက်ပျိုးရေးအတွက်မျိုးကောင်း မျိုးသန့်၊သွင်းအားစုနှင့်နည်းပညာများလိုအပ်ခြင်း | ၂၅၂.၅ | | | | |
| ၆ | မွေးမြူရေးအတွက် မျိုးကောင်းမျိုးသန့်၊ နည်းပညာများလိုအပ်ခြင်း | | | | | |
| ၇ | စိုက်ပျိုးရေးမွေးမြူရေးနှင့်ငါးသယံဇာတ ထိန်းသိမ်းနည်းသင်တန်း | ၁၅.၇၅ | | | | |
| ၈ | ရာသီပေါ်သီးနှံများစနစ်တကျစိုက်ပျိုးနည်း (GAP)စနစ်သင်တန်း | | | | | |
| ၉ | အိမ်တွင်းလျှပ်စစ်သွယ်တန်းမှုနည်းပညာသင်တန်း | ၂၀.၀၀ | | | | |
| ၁၀ | သီးနှံအခြေခံယို၊ဖျော်ရည်အမျိုးမျိုးနှင့် သီးနှံ ခြောက်တန်ဖိုးမြင့်စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်း | ၇.၈ | | | | |
| ၁၁ | လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်း | ၁၅.၀၀ | | | | |
| ၁၂ | ဆိုင်ကယ်ပြင်သင်တန်း | ၂၇.၀၀ | | | | |
| ၁၃ | ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေ ထူထောင်ခြင်း(RBF) | ၃၀၀ | | | | |
| ၁၄ | တစ်လုံးထိုးဒီဇယ်အင်ဂျင်ပြုပြင်နည်းသင်တန်း | ၂၀.၀၀ | | | | |
| ၁၅ | ပရဟိတ အသင်းအဖွဲ့များ ဖွဲ့စည်းခြင်း | | | | | |
| ၁၆ | ကျန်းမာရေး၊ယာဉ်စည်းကမ်းအသိပညာပေး သင်တန်းများလိုအပ်ခြင်း | | | | | |
| ၁၇ | ကျေးရွာတွင်းလမ်းအမှတ်စဉ်(၄)အားကွန်ကရစ် ဘီးလမ်းခင်းခြင်း | ၁၀၀ | | | | |
| ၁၈ | ကျေးရွာစွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုစနစ် ဆောင်ရွက်ခြင်း | | | | | |

| စဉ် | စီမံချက် | ရန်ပုံငွေ (သိန်း) | ရင်းနှီးမြုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | စွမ်းဆောင်ရည်မြှင့်တင်ရေး | လူသားချင်းစာနာမှုအထောက်အပံ့ |
| ၁၉ | သဘာ၀ပတ်ဝန်းကျင်နှင့်ဘေးအန္တရာယ်ကာကွယ်ရေးဆိုင်ရာ အသိပညာပေးခြင်းများလိုအပ်ခြင်း | | | | | |
| ၂၀ | ကျေးရွာချင်းဆက်လမ်းမြေရောကျောက်ခင်းခြင်းလုပ်ငန်း | ၅၈၈ | | | | |
| ၂၁ | ကျေးရွာတွင်းလမ်းအမှတ်စဉ်(၁)ကွန်ကရစ်ဘီးလမ်းခင်းခြင်း | ၄၈ | | | | |
| ၂၂ | ကျေးရွာတွင်းလမ်းအမှတ်စဉ်(၃)ကွန်ကရစ်လမ်းခင်းခြင်း | ၂၂၀ | | | | |
| ၂၃ | ဘက်စုံသုံးခန်းမတည်ဆောက်ခြင်း | ၂၇၆.၅ | | | | |
| ၂၄ | “မကျီးကုန်းကျေးလက်ကျန်းမာရေးဌာနခွဲ (ရွှေတောင်စု)”အသစ် တည်ဆောက်ခြင်းနှင့် ဝန်ထမ်းအိမ်ရာတည်ဆောက်ခြင်း | ၈၅၀ | | | | |

## ၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ကျေးရွာလူထုက ဦးဆောင်အကောင်အထည်ဖော်မည်ဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင် တာဝန်ရှိပါသည်။

### ( က ) ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင်ပါဝင်သော စီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံး အကောင်အထည်ဖော်ရန် တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏တာဝန် ဖြစ်ပါသည်။ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည် ပေါင်းစပ်ညှိနှိုင်းရေးနှင့်စီမံခန့်ခွဲရေးတာဝန်ကို အဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများ ဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ဥပမာ– မိဘဆရာအသင်းသည် ကျေးရွာမူလတန်းကျောင်း၏ ပညာရေး အရည်အသွေးကောင်းမွန်တိုးတက်ရန် တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့က ကျေးရွာလယ်ယာကုန်ထုတ်လမ်း အဆင့်မြှင့်ခြင်း

လုပ်ငန်းကို တာဝန်ယူ ဆောင်ရွက်စေခြင်းဖြစ်ပါသည်။

## ( ခ ) ဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ကျေးရွာကော်မတီအဖွဲ့များက ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှု တာဝန်ယူဆောင်ရွက်သော်လည်း အခြားသော ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ်ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင်မတတ်နိုင်သော အကူအညီများ ရယူဆောင်ရွက်ရန် ဖြစ်ပါသည်။ဥပမာ-မိဘဆရာအသင်းသည် မူလတန်းပညာရေးသင်ကြားမှု အရည်အသွေး တိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်း ဆောင်ရွက်ရပါမည်။လယ်သမားအဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ်လုပ်ငန်း အထောက်အကူပြုလမ်း အဆင့်မြှင့်တင်ရန် မြို့နယ်ဆောက်လုပ်ရေးဌာနနှင့်ဆက်သွယ်၍ အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူအညီများ ရယူရပါမည်။

## ( ဂ ) ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏အသေးစိတ်လုပ်ငန်း အမျိုးအစား ဖော်ပြချက်တွင် တင်ဒါခေါ်ယူဆောင်ရွက်ရမည့် ကိစ္စများကိုလည်း တွေ့ရပါမည်။ ဤလုပ်ငန်းအမျိုးအစားများအတွက် အောက်ပါ အဖွဲ့အစည်း/ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာ အမှန်ပင် လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့်အဖွဲ့များ (နိုင်ငံတကာဖွံ့ဖြိုးမှု အဖွဲ့အစည်းများ၊ဒေသဖွံ့ဖြိုးရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများက စီမံကိန်းလုပ်ငန်းတွင်ဖော်ပြထားသော သတ်သတ်မှတ်မှတ်ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီးကြပ်ရန် တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့က တာဝန်ပေးထားသော အဖွဲ့ခွဲ၏ တာဝန်သာဖြစ်ပါသည်။အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန်ယူပါမည်။ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည် တာဝန်ပေးထားသော ကော်မတီကို ဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်း ဆောင်ရွက်ပါမည်။

**( ဃ ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ လည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်း ဆိုင်ရာအစီအစဉ်များနှင့် ငွေကြေးဆိုင်ရာအစီအမံများ**

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေး အစီအစဉ်များထားရှိမည်။ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံးပြုခ ကောက်ခံခြင်း၊စေတနာအလျောက် ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်းတို့ကိုဆောင်ရွက်မည်။ထို့အပြင် တံတားအပေါ်ဖြတ်သန်းသွားလာ သယ်ယူမည့် ပစ္စည်းများ၏ပမာဏကို ကန့်သတ်ခြင်း ကဲ့သို့သော စည်းကမ်းများ သတ်မှတ်မည်။ ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက်သက်ဆိုင်ရာအဖွဲ့ခွဲအား တာဝန်အပ်နှင်းဆောင်ရွက်မည် ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတားပြုပြင်ထိန်းသိမ်းရေးအတွက် လမ်းကော်မတီ၊ စာသင်ကျောင်းပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်း စသည်ဖြင့် ဆောင်ရွက်ပါမည်။

**၁၁။ စီမံကိန်းအား စဉ်ဆက်မပြတ် လေ့လာဆန်းစစ်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း**

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်ရာတွင် တိုးတက်မှု အခြေအနေများ စနစ်တကျကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ်စစ်ဆေး အကဲဖြတ်ခြင်းလုပ်ငန်းကို ရိုးရှင်းလွယ်ကူသောနည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေးအကဲဖြတ်သည့် လုပ်ငန်းကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း အကောင်အထည်ဖေါ်သော နည်းလမ်းကို လက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများကို ကြီးကြပ်စစ်ဆေးသုံးသပ်ရာတွင် ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများ၊ အိမ်ထောင်စုများ တက်ကြွစွာ အတူပူးပေါင်းဆောင်ရွက်ရန် ဆောင်ရွက်ပါမည်။ဤသို့ ဆောင်ရွက်နိုင်ရန် သင့်တော်သော အဖွဲ့အစည်းစနစ်၊လုပ်ထုံးလုပ်နည်းများ တည်ဆောက်ပါမည်။

